JITCO

# とも

～ ဂျပန်အကြောင်း ပိုမိုသိကြစေရာ ～

2024
10
ဆောင်းဦးရာသီထုတ်

## မန်ဂါနဲ့လေ့လာကြစို့ 〇〇ဆောင်းဦးရာသီ




ဆောင်းဦးရာသီမှာ ရာသီဥတုကလည်း နေသာထိုင်သာရှိလာပြီး စာအုပ်ဖတ်တာ၊ ပန်းချီဆွဲတာ၊ အားကစားပွဲကြည့်တာ၊ ကိုယ်လက်လှုပ်ရှားကစားတာ စသဖြင့် ဝါသနာပါရာကို စိတ်တိုင်းကျ လုပ်နိုင်ပါတယ်။ ဒါအပြင် စပျစ်သီး၊ သစ်အယ်သီး၊ ကန်စွန်းဥစတဲ့ ဆောင်းဦးရာသီပေါ်စာ အရသာရှိတဲ့ အစားအစာတွေ အများကြီးပါပဲ။ ဂျပန်မှာ ရာသီနဲ့ ဒေသအလိုက် ခူးဆွတ်တဲ့ အတွေ့အကြုံတွေ ရယူနိုင်တာကြောင့် လုပ်ကြည့်ကြဖို့ တိုက်တွန်းပါတယ်။

"အတတ်ပညာကျွမ်းကျင်မှု အလုပ်သင်များ၏မိတ်ဆွေ" ဟာ အတတ်ပညာကျွမ်းကျင်မှု အလုပ်သင်နဲ့ သင်တန်းသားတွေအတွက်ရည်ရွယ်တဲ့ ဂျပန်နိုင်ငံမှာနေထိုင်ရေးကို အထောက်အကူပေးမယ့် သတင်းအချက်အလက်တွေ၊ ဂျပန်ဘာသာ သင်ထောက်ကူပစ္စည်းတွေနဲ့ ၄ကွက်ကာတွန်းစတာတွေကို အသံထွက် "ခါနာ့" စာလုံး တွဲဖက်ထားတဲ့ ဂျပန်စာနဲ့ ဘာသာစကား ၉ မျိုး ( ဗီယက်နမ်၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မြန်မာ၊ မွန်ဂို၊ အင်္ဂလိပ် ) နဲ့ ထုတ်ဝေနေပါတယ်။ အားလုံးပဲ အသုံးချကြပါ။

# အရေးပေါ်အချိန်အတွက် ကြိုတင်ပြင်ဆင်စို့



ဂျပန်ရဲ့ ဆောင်းရာသီမှာ လေက ခြောက်သွေ့နေလို့ မီးလောင်လွယ်တဲ့ ရာသီဖြစ်ပါတယ်။ "အစိုးရပြန်ကြားရေးအွန်လိုင်း" မှာ ထုတ်ပြန်ထားတဲ့ "လူနေအိမ် မီးကာကွယ်ရေး အသက်အန္တရာယ်ကာကွယ်မယ့် အချက် ၁၀ ချက်" (အလေ့အကျင့် ၄ မျိုး၊ စီမံချက် ၆ ခု) ကို စစ်ဆေးထားပြီး အိမ်ထဲမှာ မီးမလောင်အောင် သတိထားကြပါစို့။

လူနေအိမ် မီးကာကွယ်ရေး

**အသက်အန္တရာယ်ကာကွယ်မယ့် အချက် ၁၀ ချက်**


## အလေ့အကျင့် ၄ မျိုး

**1**





ခုတင်နဲ့ မွေ့ယာပေါ်မှာ အိပ်ရင်း ဆေးလိပ်မသောက်ရ။

**2**





မီးလင်းဖိုပတ်ဝန်းကျင်မှာ မီးလောင်လွယ်တဲ့အရာ မထားရ။

**3**




မီးဖိုမှာ ချက်ပြုတ်နေတုန်း မီးကို မျက်စိလွဲ ပစ်မထားရ။

**4**




လျှပ်စစ်ပလပ်ပေါက်ကို ဖုန်ခါသန့်ရှင်းထားပြီး အသုံးမပြုတဲ့ ပလပ်ကို ဖြုတ်ထားပါ။

## စီမံချက် ၆ ခု

1. မီးလောင်မှုမဖြစ်စေဖို့အတွက် ဘေးကင်းရေးခလုတ်ပါတဲ့ မီးလင်းဖိုနဲ့ မီးဖိုတွေကို သုံးမယ်
2. မီးလောင်မှုကိုအမြန်သိရှိနိုင်ဖို့အတွက် လူနေအိမ်သုံး မီးလောင်မှုသတိပေးကိရိယာကို ပုံမှန်စစ်ဆေးပြီး ၁၀ နှစ် အဖြစ် သက်တမ်းသတ်မှတ် အသစ်လဲမယ်
3. မီးကူးစက်ပြန့်ပွားမှုမဖြစ်စေဖို့အတွက် အခန်းကိုရှင်းထားပြီး အိပ်ခန်းသုံး ပရိဘောဂ၊ အဝတ်အစားနဲ့ လိုက်ကာတွေကို မီးလောင်မလွယ်တဲ့ပစ္စည်း အသုံးပြုမယ်
4. မီးလောင်မှုကို သေးငယ်တုန်းမှာ ငြိမ်းသတ်ဖို့အတွက် မီးသတ်ဆေးဘူးစတာတွေကို ထားထားပြီး အသုံးပြုပုံကို စစ်ဆေးထားမယ်
5. တိမ်းရှောင်ရေးလမ်းကြောင်းနဲ့ နည်းလမ်း ကို စစ်ဆေးထားမယ်
6. လေ့ကျင့်မှုတွေမှာ ပါဝင်ရင်း ရပ်ရွာလုံးကျွတ် မီးကာကွယ်ရေး စီမံချက် ကို လုပ်ဆောင်မယ်



政府広報オンライン（https://www.gov-online.go.jp/useful/article/201603/3.html）をもとにJITCOが作成

## ပြင်းထန်တဲ့လျှောင်လှုပ်တဲ့အခါ

ဂျပန်ဟာ လျှောင်အလှုပ်များတဲ့နိုင်ငံပါ။ ပြင်းထန်တဲ့လျှောင် လှုပ်တဲ့အခါ အိမ်တွေ၊ ပရိဘောဂတွေ လဲပြိုတဲ့ အန္တရာယ်ရှိပါတယ်။ ဒါ့အပြင် မီးလောင်မှု၊ ဆူနာမီ၊ မြေပြိုမှုစတာတွေလည်း ဖြစ်ပွားပါတယ်။ ပြင်းထန်တဲ့လျှောင် လှုပ်တဲ့အခါ အောက်မှာပါတဲ့အချက်တွေကို သတိထားပြီး စိတ်အေးအေးထား လုပ်ဆောင်ပါ။

- ☑ အရင်ဆုံး စားပွဲခုံအောက်ဝင်တာလို မိမိခန္ဓာကိုယ်ဘေးကင်းအောင် လုပ်ဆောင်ပါ။
- ☑ မီးဖိုရဲ့မီးကို မြန်မြန်ငြိမ်း၊ ဂက်စ်ပိုက်လိုင်းရဲ့မိန်းခလုတ်ကိုပိတ်ပြီး မီးမလောင်အောင် ကာကွယ်ပါ။
- ☑ ပင်လယ်မြစ်ချောင်း ကမ်းနားတွေမှာ ဆူနာမီကို စိုးရိမ်ရပါတယ်။ တောင်ကုန်းလို မြင့်တဲ့နေရာ၊ ဆူနာမီတိမ်းရှောင်ရေးမျှော်စင်စတဲ့ နည်းနည်းဖြစ်ဖြစ် မြင့်တဲ့နေရာဆီ တိမ်းရှောင်ပါ။
- ☑ မှန်ကွဲစ၊ ပြုတ်ကျတဲ့အရာ၊ ဘလောက်တုံးတွေလို လဲကျလာနိုင်တဲ့ အရာ၊ ပြတ်နေတဲ့ ဓာတ်ကြိုးတွေကို သတိထားရင်း တိမ်းရှောင်ပါ။
- ☑ မသမာတဲ့ သတင်းမှားနဲ့ ကောလဟာလတွေကို သတိထားပါ။ တီဗွီ၊ ရေဒီယို၊ စမတ်ဖုန်းတွေသုံးပြီး တိကျမှန်ကန်တဲ့ သတင်း စုဆောင်းပါ။
- ☑ နောက်ဆက်တွဲလျှောင်လည်း အလှုပ်များတာကြောင့် သေသေချာချာ စဉ်းစားသုံးသပ်ပြီး ပြင်ဆင်ထားပါ။
- ☑ မိမိနေအိမ် ပျက်စီးပြီး စားဝတ်နေရေး အဆင်မပြေရင် တိမ်းရှောင်ရေး စခန်းမှာ ခိုလှုံပါ။ တိမ်းရှောင်ရေးစခန်းဟာ ကျောင်းအားကစားရုံတွေနဲ့ ပြည်သူ့ခန်းမတွေမှာ ဖွင့်တာများပါတယ်။ အစားအစာ၊ ရေနဲ့ စောင်တွေ ဝေပေးပြီး ညအိပ်လို့လည်း ရပါတယ်။ လူအများနဲ့ အတူနေရတာဖြစ်လို့ သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာပြီး နေထိုင်ပါ။

《参考》
「マンガで解説！南海トラフ地震　その日が来たら・・・」（内閣府防災情報）　https://www.bousai.go.jp/jishin/nankai/rinji/pdf/east.pdf

စိတ်ဝင်စား
စရာသတင်း

# "နည်းပညာအလုပ်သင်" စနစ်အစား "育成就労(အီခုစေး ရှူးလိုး)" စနစ်ပေါ်လာမယ်

**Q** "育成就労(အီခုစေး ရှူးလိုး)" ဆိုတာ ဘာပါလဲ။

**A** "နည်းပညာအလုပ်သင်" စနစ်ဆိုတာ နိုင်ငံခြားသားက ဂျပန်မှာ အတတ်ပညာကို သင်ယူ၊ မိခင်နိုင်ငံကို ပြန်ပြီး ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုစေမယ့်စနစ်ဖြစ်ပါတယ်။ ဂျပန်မှာ အခုနှစ် ဇွန်လတုန်းက နည်းပညာအလုပ်သင်စနစ်အစား "育成就労(အီခုစေး ရှူးလိုး)" ဆိုတဲ့ စနစ်သစ် စတင်ဖို့အတည်ပြုခဲ့ပါတယ်။ စနစ်သစ်မှာ ဂျပန်ကို ရောက်လာပြီး ၃ နှစ်ကြာချိန်မှာ "အထူးကျွမ်းကျင်လုပ်သား" ဖြစ်ဖို့ အတတ်ပညာတွေကို သင်ယူရပါမယ်။ အထူးကျွမ်းကျင်လုပ်သားနဲ့ တူတဲ့နယ်ပယ်မှာ အလုပ်လုပ်နိုင်ပါတယ်။ ဒါ့အပြင် စနစ်သစ်မှာက သတ်မှတ်ချက်တွေနဲ့ ကိုက်ညီရင် တူတဲ့နယ်ပယ်မှာ ကုမ္ပဏီပြောင်း အလုပ်လုပ်နိုင်ပါတယ်။

**Q** စနစ်သစ် ဘယ်အချိန် စတင်မှာပါလဲ။

**A** ၂၀၂၇ ခုနှစ် ဇွန်လနောက်ဆုံးထား စတင်ပါမယ်။

**Q** စနစ်သစ်စတင်လည်း အလုပ်သင် ဆက်လုပ်နိုင်ပါသလား။

**A** အလုပ်သင်ကာလ ကုန်တဲ့အထိ ဂျပန်မှာ အလုပ်သင်နိုင်ပါတယ်။

**Q** စနစ်သစ်ဆိုင်ရာ အသေးစိတ်သိဖို့ ဘယ်သူ့ကို မေးရမလဲ။

**A** ကြီးကြပ်ရေးအဖွဲ့အစည်း၊ လက်ခံတဲ့ကုမ္ပဏီ၊ မှတ်ပုံတင်ထားတဲ့ ထောက်ပံ့ရေးဌာနကလူတွေနဲ့ တိုင်ပင်ပါ။ အသေးစိတ်ကို JITCO နဲ့ လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ အင်တာနက်စာမျက်နှာတွေမှာ အချိန်အလိုက် ကြေညာပါမယ်။

အခုအချိန်အထိရတဲ့ သတင်းအချက်အလက်တွေကို အကြမ်းဖျင်း စုစည်းဖော်ပြခဲ့ပါတယ်။ စနစ်သစ်ဟာ အခု မစတင်သေးပါဘူး။ သင့်ရဲ့နေထိုင်ခွင့် အမျိုးအစားက ရုတ်တရက်ပြောင်းလဲမှာမဟုတ်ပါဘူး။ လက်ရှိနေထိုင်ခွင့်အတိုင်း အချိန်ပြည့်တဲ့အထိ စိတ်ချလက်ချ အလုပ်သင်နိုင်တဲ့ အခြေအနေ အပြောင်းအလဲ မရှိပါဘူး။

"စနစ်ပြောင်းသွားပြီ"၊ "လွယ်လွယ်နဲ့ ကုမ္ပဏီပြောင်း လုပ်နိုင်ပြီ" ဆိုတဲ့ သတင်းမှားတွေဖြန့်၊ ဥပဒေ ချိုးဖောက်မိလာအောင် သွေးဆောင်တဲ့ မသမာသူတွေလည်းရှိပါတယ်။ အလိမ်မခံရဖို့ အထူးသတိထားပါ။



※"育成就労(အီခုစေး ရှူးလိုး)" နဲ့ပတ်သက်ပြီး တရားဝင် နိုင်ငံခြားဘာသာကို ပြန်ဆိုထုတ်ပြန်မှု မရှိသေးပါဘူး။

## ခိုခုဂိုးနိုမိုလိ

ဂျပန်စာလုံးနဲ့ ခန်းဂျီး အသုံးပြုနည်း လေ့လာသင်ယူဖို့သင်ထောက်ကူပစ္စည်းဖြစ်ပါတယ်။ ပျော်ပျော်ပါးပါးနဲ့ အဖြေတွေကို စဥ်းစားကြပါစို့။
(အဖြေမှန်က တခြားစာမျက်နှာမှာ ရှိပါတယ်။)




指導・元世田谷区立小学校教諭 高橋 伶子
イラスト・奈良 恵

### ちがいはどこ？

ちがうところをたしかめて、正しく書きましょう。

□(おお)きくて □(ふと)った □(いぬ)

大ぜいの □(ひと)が □(はい)っていく。

知らない □(じ)を □(まな)ぶ。

きれいな □(かい)を □(み)つけた。

□(いま)、□(あ)ったばかりだ。

□(け)糸の □(て)ぶくろ

□(からだ)を □(やす)める。

集めた □(かず)を □(おし)える。

□(ゆき)のような □(くも)







©毎日小学生新聞　複製、転用はできません

## အပြုံးမျက်နှာ ရုပ်ပုံလွှာ



လက်ဖက်ရွက်သစ် ခူးတဲ့ရာသီမှာ မြန်မာအလုပ်သင်တွေ လက်ဖက်ခင်းကို အလည်သွားခဲ့ပါတယ်။ လက်ဖက်ခူးတာ လုပ်ကြည့်ပြီးတော့ ပထမဆုံး မှာ့ချ လက်ဖက်ရည်ကြမ်း ဖျော်ကြည့်၊ အရသာရှိတဲ့မုန့်အချိုနဲ့ စားကြည့်ခဲ့ပါတယ်။ စိမ်းစိုလှပတဲ့လက်ဖက်ခင်းမှာ အားလုံးအပြုံးတွေတောက်ပနေတဲ့ ဓာတ်ပုံပါပဲ။

※2024年6月投稿　　実習実施者：社会福祉法人　同和園

### ပို့လာမှာကို စောင့်မျှော်နေပါတယ်။

အလုပ်သင်ပေးတဲ့နေရာတွေကနေ JITCO အင်တာနက်စာမျက်နှာ ကို ပို့လာတဲ့ " 技能実習 Days " ထဲက ဓာတ်ပုံတစ်ပုံကို ရွေးချယ် ဖော်ပြနေပါတယ်။ " 技能実習 Days " စာမျက်နှာနဲ့ ပေးပို့ဖို့ အချက်အလက်တွေကို ဒီမှာ ကြည့်ပါ။

（https://www.jitco.or.jp/ja/days/）

JITCO က "၃၂ ကြိမ်မြောက် နိုင်ငံခြားသား အတတ်ပညာကျွမ်းကျင်မှု အလုပ်သင်နှင့်သင်တန်းသားများ၏ ဂျပန်ဘာသာ စာစီစာကုံးပြိုင်ပွဲ" ကို ကျင်းပခဲ့ပြီး ဆုရသူတွေကို JITCO ရဲ့အင်တာနက်စာမျက်နှာမှာ ကြေညာခဲ့ပါတယ်။ ထူးချွန်တဲ့ လက်ရာတွေကိုလည်း နောက်ပိုင်းမှာ တင်ပေးမှာမို့ ဖတ်ရှုကြပါ။

## တိုင်ပင်ဆွေးနွေးရေးကောင်တာ လမ်းညွှန်

အခက်အခဲကြုံရတဲ့အခါ…（https://www.otit.go.jp/notebook/）

OTIT (နိုင်ငံခြားသားနည်းပညာအလုပ်သင်တန်းကြီးကြပ်ရေးကော်မတီ) မှာ၊ အခက်အခဲကြုံရတဲ့အခါ မိခင်ဘာသာစကားနဲ့ တိုင်ပင်ဆွေးနွေးရေးကောင်တာ၊ ဒေသန္တရတိုင်ပင်ဆွေးနွေးရေးကောင်တာနဲ့ ဘေးအန္တရာယ်တားဆီးရေး သတင်းအချက်အလက်၊ အသုံးတည့်တဲ့ အက်ပလီကေးရှင်း "လုပ်ငန်းခွင်သုံး ဂျပန်ဘာသာ"၊ "အလုပ်သင်လက်စွဲ" စတာတွေကို အသုံးပြုနိုင်ပါတယ်။



◆こくごこたえ

大きくて太った犬

大ぜいの人が入っていく。

知らない字を学ぶ。

きれいな貝を見つけた。

今、会ったばかりだ。

毛糸の手ぶくろ

体を休める。

集めた数を教える。

雪のような雲

「、」の位置、画の数やつき方、反りと曲がりなど、正しく書き分けられましたか。

「見」は目と儿（ひと）の組み合わせですが、「貝」は子安貝の形で、ひととは別の成り立ちです。その他の漢字も、どこかが同じでどこかが違います。「大」は手足を広げて立つ姿、「犬」は走っている犬をたてに描いた形、「太」は両手でたっぷり水を流す様子を表す「泰」が元の字です。

「、」 ရဲ့နေရာ၊ စုတ်ချက်အရေအတွက်၊ 反り နဲ့ 曲がり တွေကို မှန်မှန်ကန်ကန် ခွဲခြား ရေးနိုင်ခဲ့ပါသလား။
「見」ဟာ 目 နဲ့ 儿(လူ) ကိုပေါင်းစပ်ထားတာဖြစ်ပေမဲ့「貝」ကတော့ ကြွေခရုဖြစ်ပြီး မူရင်းကမတူပါဘူး။ တခြားခန်းဂျီးတွေမှာလည်း တူတာရှိသလို မတူတာတွေလည်း ရှိပါတယ်။ 「大」ဟာ ခြေလက်ကားပြီး ရပ်နေပုံ၊ 「犬」က ခွေးပြေးနေတဲ့ပုံ၊ 「太」က လက်နှစ်ဖက်နဲ့ ရေလောင်းချနေတာကို သရုပ်ဖော်တဲ့ 「泰」 စာလုံးကနေ မြစ်ဖျားခံတဲ့ စာလုံးတွေဖြစ်ပါတယ်။


**とも**

*2024年10月 秋季号*

2024年10月1日発行

発　行　公益財団法人 国際人材協力機構（JITCO）
総務部広報室
〒108-0023
東京都港区芝浦2-11-5
五十嵐ビルディング

電　話　03-4306-1166（ダイヤルイン）

JITCO ホームページ　https://www.jitco.or.jp/